ရန်ကုန်ပရိုတက်စတင့်ပြန်လည်ပြုပြင်သောအသင်းတော်
Yangon Protestant Reformed Church
တနင်္ဂနွေစာစောင်

နေ့စွဲ - ၂၅. ၁၀. ၀၉

## ကျွန်တော်တို့စောင့်ရှောက်ရမည့်ပဋိညာဉ်

(The Covenant We are called to keep, Prof. David J. Engelsma)

ကျမ်းပိုဒ် - ကမ္ဘာ ၁၇း၁-၂၂

နိဒါန်း

တချို့လူတွေအတွက် ပဋိညာဉ်အမှန်တရားဟာ ရင်းနှီးပြီးသားဖြစ်မှာပါ။ တချို့အတွက်တော့ အငြင်းပွားစရာဖြစ်မှာပါ။ တချို့အတွက်တော့ ကြားဘူးသေးမယ်မထင်ပါ။ အားလုံးအတွက် ဒီအမှန်တရားဟာ အရေးကြီးလှပါတယ်လို့တော့ သဘောပေါက်ဖို့လိုပါတယ်။ ဒီနေ့ခေတ်ခရစ်ယာန်လောကထဲမှာ ပဋိညာဉ်အမှန်တရားဟာ စပြီးတော့ ပျောက်ကွယ်နေပါပြီ။ တခြားအသင်းတော်ထဲမှာတော့ ပြောမနေနဲ့၊ တချိန်က ပဋိညာဉ်အမှန်တရား အင်မတန်ထွန်းကားခဲ့တဲ့၊ ပရက်စ်ဘီတေးရီယန်းနဲ့ ရီဖော့(မ်)အသင်းတော် တွေမှာတောင် ဒီလိုဖြစ်နေပြီဖြစ်ပါတယ်။

ဒီနေ့ခေတ်ခရစ်ယာန်တွေ မိမိတို့ကယ်တင်ခြင်းကို ဘုရားသခင်က သူတို့ထံမှာ သူ့ရဲ့ပဋိညာဉ်ကို လုပ်ပေးလို့ဆိုပြီး တွေးတတ်ကြပါသလား။ အဲဒါကနေပြောင်းပြန်၊ ကယ်တင်ခြင်းဆိုတာ သူတို့က ခရစ်တော်အတွက် ဆုံးဖြတ်ချက်လုပ်ပေးတာလို့ဘဲ ထင်နေကြပါတယ်။

ဒီနေ့ခေတ်ခရစ်ယာန်တွေ သန့်ရှင်းစွာအသက်ရှင်ခြင်းဆိုတာ၊ ပဋိညာဉ်ကိုစောင့်လျှောက်ထိန်းသိမ်းခြင်းလို့ တွေးကြပါသလား။ အဲဒါကနေပြောင်းပြန်၊ သူတို့က သူတို့အသက်တာများကို ယေရှု စီမှာ ဆက်ကပ်တာ၊ ခရစ်တော်ရဲ့အသက်တာကို အတုခိုးတာ၊ ဒါမှမဟုတ် ကျမ်းစာက ချမှတ်တဲ့ အချို့သော ဥပဒေသတွေကို လိုက်နာတာလို့ဘဲ ထင်နေကြပါတယ်။

ပဋိညာဉ်ဆိုတာ ကျမ်းစာအရ အရေးအကြီးဆုံးအမှန်တရားဖြစ်ပါတယ်။ ဘုရားသခင်ဟာ သူ့လူတွေရဲ့ ကယ်တင်ခြင်းကို စပြီးလုပ်ပေးတဲ့အခါ၊ အာဗြဟံနဲ့သူ့အမျိုးထံမှာ ပဋိညာဉ်ကို တည်ဆောက်ခြင်းနဲ့ စတင်ပါတယ်(ကမ္ဘာ ၁၂)။ အဲဒါ ဓမ္မဟောင်းကာလ အစ္စရေးနိုင်ငံမှာဖြစ်တယ်။အဲဒီကစတဲ့အလုပ်ဟာ မေရှိယဆိုတဲ့သခင်ယေရှုနဲ့ သူ့လူတွေအတွက်လုပ်ပေးတဲ့ ကယ်တင်ခြင်းမှာ အထွဋ်အထိတ်ရောက်ပါတယ်။ အာဗြဟံထံ ပဋိညာဉ်ပြုတဲ့အချိန်ကစပြီး၊ ဓမ္မဟောင်းကာလသမိုင်းကြောင်းဟာ ပဋိညာဉ်သမိုင်းကြောင်းဖြစ်လာပါတယ်။ အဲဒီသမိုင်းကြောင်းရဲ့ ရည်မှန်းချက်ကတော့ သခင်ယေရှုခရစ်တော်ဘဲ ဖြစ်ပါတယ်။ သူဟာ ပဋိညာဉ်ကိုပြည့်စုံစေဖို့နဲ့ အဲဒီပဋိညာဉ်ရဲ့ကိုယ်စားအဖြစ် လာရောက်ခဲ့ခြင်းဖြစ်တယ်။ အဲဒါကို ဇာခရိက သခင်ယေရှုမွေးဖွားချိန်မှာ ရှင်းပြပါတယ်။ လုကာ ၁း၇၂-၇၃ "ငါတို့အဘ အာဗြဟံအား ကျိန်ဆိုခြင်းကတိတော်တည်းဟူသော သန့်ရှင်းသောပဋိညာဉ်တရားကို အောက်မေ့တော်မူခြင်း(ဖြစ်သည်)။"

သခင်ယေရှုခရစ်တော်ရဲ့ ကယ်တင်ခြင်းလုပ်ကိုင်ပေးမှုအစအဆုံးဟာ ပဋိညာဉ်ပြုခြင်းဖြစ်တယ်။ ပဋိညာဉ်အသစ်ပေါ့၊ ရွေးကောက်သောအသင်းတော်နဲ့ အသင်းသူသားတယောက်ချင်းစီနဲ့ ဖြစ်တယ်။ အဲဒါကို ဟေဗြဲ ၈း၆-၁၃ ကသင်ပေးတယ်။ ဘုရားသခင်ဟာ ယေရမိ၃၁း၃၁-၃၄မှာ ကြိုပြီးပြောပြ၊ ကတိပေးထားခဲ့သလို၊ သခင်ယေရှုခရစ်ဆိုတဲ့ ယဇ်ပုရောဟိတ်မင်းအားဖြင့် သူ့လူတွေထံမှာ ပဋိညာဉ်သစ်ကို ပြုတော်မူတယ်။ သူ့ရဲ့အသေခံတော်မူခြင်းဖြင့်(အပြစ်ကြေအေးဖို့အသေခံခြင်း) သခင်ယေရှုဟာ ဘုရားသခင်ရဲ့လူတွေ ပဋိညာဉ်ကိုလက်ခံဖို့ ပေးပိုင်ခွင့်ကို ရယူတော်မူပါတယ်။ သခင်ယေရှုဟာ သူ့ရဲ့ဝိညာဉ်တော်နဲ့နတ်ကပတ်တော်အားဖြင့် ပဋိညာဉ်ကို ဘုရားသခင်ရဲ့လူတယောက်ချင်းစီမှာ လက်တွေ့ရှိလာအောင် လုပ်ဆောင်ပေးတော်မူပါတယ်။ အဲဒါကြောင့် ဟေဗြဲ ၈း၆က သခင်ယေရှုကို "ပဋိညာဉ်၏ ကြားဝင်ဖြန်ဖြေပေးသူ"လို့ ဘွဲ့ပေးပါတယ်။

အဲဒါဟာ ပဋိညာဉ်ရဲ့အရေးကြီးမှုဖြစ်တယ်၊ လူတယောက်ချင်းစီရဲ့ ကယ်တင်ခြင်းဖြစ်တယ်။ ဘုရားသခင်ဟာ အာဗြဟံနဲ့ပဋိညာဉ်ပြုတယ်၊ အဲဒါဟာ အာဗြဟံရဲ့ကယ်တင်ခြင်းဘဲ။ အခြားသောကောင်းချီးမင်္ဂလာမျိုးစုံကို အာဗြဟံ ခံစားခဲ့ရပါတယ်။ အဲဒါတွေအားလုံးဟာ ပဋိညာဉ်ကောင်းချီးမင်္ဂလာတွေဘဲဖြစ်တယ်၊ အထူးသဖြင့် ဖြောင့်မတ်ခြင်းဖြစ်တယ် (ကမ္ဘာ ၁၅း၆)။ ကျွန်တော်တို့ ခမ္မသစ်ခရစ်ယာန်တွေလဲ ပဋိညာဉ်ဟာ ကျွန်တော်တို့ရဲ့ကယ်တင်ခြင်းဖြစ်ကြောင်း၊ ပဋိညာဉ်ထဲမှာဘဲ ကျွန်တော်တို့ဟာ ကယ်တင်ခြင်းကို ရရှိကြောင်း၊ ခံစားကြောင်း ဂလာတိ ၃း၆ ကသင်ပေးပါတယ်။ အဲဒီကျမ်းပိုဒ်က ဘုရားသခင်အာဗြဟံနဲ့ ပဋိညာဉ်ပြုတာဟာ ကျွန်တော်တို့ရဲ့ကယ်တင်ခြင်းဘဲလို့ ပြောနေပါတယ်။ အငယ်(၈)က ဘုရားသခင် အာဗြဟံထံမှာ ကတိတော်ပေးတာ(ကမ္ဘာ ၁၇)၊ အခြားနေရာတွေမှာပေးတာတွေဟာ ဘုရားသခင်က အာဗြဟံကို ဧဝံဂေလိတရားဟောတာဘဲဖြစ်တယ်၊ အထူးသဖြင့် ဘုရားသခင်ဟာ တပါးအမျိုးသားတွေကိုလည်း ယုံကြည်ခြင်းအားဖြင့် ဖြောင့်မတ်စေမယ်လို့ ပြောပြနေတာဖြစ်တယ် လို့ ကျွန်တော်တို့ကို သင်ပေးနေပါတယ်။ အငယ်(၁၃)က သခင်ယေရှုရဲ့ ကယ်တင်ခြင်းအတွက် အသေခံတော်မူခြင်းဟာ အာဗြဟံထံမှာပြုသောပဋိညာဉ် ပြည့်စုံခြင်းဖြစ်တယ်လို့ ပြောနေပါတယ်။ အဲဒီအခန်းကြီးတခုလုံးက၊ တပါးအမျိုးသားတွေ ယုံကြည်ခြင်းအားဖြင့် ဖြောင့်မတ်ခြင်းရတာ၊ ကျွန်တော်တို့တွေ သန့်ရှင်းသော ဝိညာဉ်တော်ကို လက်ခံရရှိတာ၊ ထာဝရအသက်ကို အမွေခံရတာ၊ စတာတွေဟာ အာဗြဟံနဲ့ သူ့အမျိုးတွေထံမှာပြုသောပဋိညာဉ်ကနေ ရောက်လာသော ကောင်းချီးမင်္ဂလာများဖြစ်တယ်လို့ ပြောပြနေပါတယ်။

ဒါကို ကျွန်တော်တို့တွေ သိဖို့အရေးကြီးပါတယ်။ ဘုရားသခင့်ထံကနေ ကျွန်တော်တို့ရတဲ့ ကောင်းချီးမင်္ဂလာအားလုံးဟာ ပဋိညာဉ်ကောင်းချီးမင်္ဂလာတွေဘဲဆိုတာသိဖို့ မဖြစ်မနေအရေးကြီးပါတယ်။ မိမိဇနီးဖြစ်သူကို သူ့ရဲ့အချစ်တွေပုံအောပြီးပေးနေတာ၊ ဂရုစိုက်နေတာ၊ လက်ဆောင်တွေပေး နေတာဟာ၊ အဲဒီအမျိုးသမီးကို သူချစ်ပြီးလက်ထပ်ထားလို့ဖြစ်တယ်ဆိုတာကို မေ့နေတဲ့ ဇနီးအပေါ်မှာ အဲဒီလူဟာ ဘယ်လိုစိတ်ထားမျိုးထားမလဲဆိုတာ တွေးကြည့်ပေါ့။ ဘုရားသခင်က သူ့လူတွေကို ချစ်တာ၊ ကယ်တင်တာ၊ ဂရုစိုက်တာတွေဟာ ပဋိညာဉ်ကြောင့်၊ ပဋိညာဉ်ထဲကနေ လာကြတာဖြစ်ပါတယ်။ အဲဒါကို တကယ့်လက်ထပ်ထိမ်းမြားခြင်းလို့ ခေါ်ပါတယ်။

ဘုရားသခင်ရဲ့ပဋိညာဉ်ဟာ ဘာဖြစ်သလဲဆိုတာကို ပထမဆုံးကြေညာခဲ့တဲ့ ဧဝံဂေလိတရားရဲ့ ကတိတော်ထဲမှာ ဘုရားသခင်က ဖွင့်ပြခဲ့တာကို လေ့လာရင် သိနိုင်မှာဖြစ်ပါတယ်။ အဲဒီပထမဆုံး ဧဝံဂေလိတရားကြေညာခြင်းကို ကမ္ဘာ ၃း၁၅မှာတွေ့ရပါတယ်၊ “သင်နှင့်မိန်းမကိုင်၎င်း၊ သင်၏အမျိုးအနွယ်နှင့်မိန်းမ၏အမျိုးအနွယ်ကို၎င်း၊ ငါသည် ရန်ငြိုးဖွဲ့စေမည်။ သူသည် သင်၏ခေါင်းကိုကြိတ်လိမ့်မည်။ သင်သည်သူ၏ဖနောင့်ကို ကြိတ်လိမ့်မည်။”

အဲဒီ ပဋိညာဉ်ရဲ့အရေးကြီးမှုက ကျွန်တော်တို့ရဲ့တာဝန်ဖြစ်တဲ့ ပဋိညာဉ်ကိုထိန်းသိမ်းစောင့်လျှောက်ခြင်းကို ပိုပြီးတော့အရေးကြီးလာစေပါတယ်။ ကျွန်တော်တို့ဘဝမှာရှိတဲ့ တာဝန်တွေထဲမှာ ပဋိညာဉ်ကိုစောင့်လျှောက်ခြင်းဆိုတဲ့တာဝန်ထက် ပိုအရေးပါတာ မရှိတော့ပါဘူး။ အမှန်အတိုင်းပြောရမယ်ဆိုရင်၊ ယုံကြည်သူတယောက်ရဲ့၊ ယုံကြည်သူတို့ရဲ့သားသမီးရဲ့ အားလုံးသောတာဝန်ဝတ္တရားတွေဟာ၊ မြေကြီးနဲ့ဆိုင်၍ဘဲဖြစ်စေ၊ ကောင်းကင်နဲ့ဆိုင်၍ဘဲဖြစ်စေ၊ ဘာတွေလဲဆိုရင် ပဋိညာဉ်ကို စောင့်လျှောက်ရတာဘဲဖြစ်ပါတယ်။

ပဋိညာဉ်ဆိုတာဘာလဲ။ ကျမ်းစာထဲမှာ ဒီအမှန်တရားက ဒီလောက်တောင်ကြီးမားကျယ်ပြန့်တဲ့နေရာကိုယူထားတာ ဘာကြောင့်လဲ။ ပါရာဒိသုဘုံ(ဧဒင်)မှာ စကြေညာပြီးတော့၊ အာဗြဟံထံမှာ တည်ဆောက်ပြီး၊ သခင်ယေရှုခရစ်တော်မှာ ပြည့်စုံလာတယ်ဆိုတာ ဘာကိုပြောနေတာလဲ။

**ပဋိညာဉ်၏သဘောသဘာဝ**(The Nature of the Covenant)

ပဋိညာဉ်နဲ့ပတ်သက်ပြီး၊ ခရစ်ယာန်တွေကြားထဲမှာ အရမ်းရှုတ်ထွေးပြီး၊ နားမလည်မှုတွေများနေတယ်ဆိုတာ တွေ့နေရပါတယ်။ ဘုရားသခင်က သူ့လူတွေနဲ့ပဋိညာဉ်ပြုတယ်ဆိုတာ၊ တဦးကိုတဦး ချစ်ခြင်းမေတ္တာနဲ့ အင်မတန်ရင်းနှီးကျွမ်းဝင်စွာ ဆက်ဆံကြတဲ့ ထူးချားသော ဆက်ဆံရေးတမျိုး ဖြစ်ပါတယ်။ အဲဒါကို အာဒံနဲ့ဧဝစီမှာ အပြစ်ကျဆုံးပြီးမကြာခင်မှာ ဧဒင်ဥယာဉ်ထဲမှာဘဲ ကြေညာပေးခဲ့ပါတယ်။ အဲဒါကိုဘဲ အာဗြဟံထံမှာ တည်ဆောက်ခဲ့တာဖြစ်ပါတယ်။ အဲဒီပဋိညာဉ်ကိုဘဲ အစ္စရေးလူမျိုးတွေထံမှာလက်

တွေ့ဖေါ်ဆောင်ခဲ့တာဖြစ်တယ်။ အစ္စရေးတွေထံမှာ ပညတ်တော်တွေနဲ့လေးတော့လေးလံတာပေါ့။ အဲဒီ ပဋိညာဉ်ကိုဘဲ ဒီနေ့ချိန်မှာ ပိုပြီးပြည့်စုံတဲ့ပုံစံနဲ့ ယုံကြည်သူတွေရယ်၊ ကျွန်တော်တို့သားသမီးတွေစီမှာ ဘုရားသခင်က လုပ်ပေးနေတာဖြစ်ပါတယ်။

ကျွန်တော်တို့ဟာ ပဋိညာဉ်ပြုခြင်းကို စီးပွားရေးသမားနှစ်ယောက် ဈေးဆစ်ကြတဲ့ပုံစံမျိုးနဲ့ ခိုင်းနှိုင်းပြီး မတွေးဖို့ လိုအပ်ပါတယ်။ တဖက်ကလိုက်နာရမဲ့စည်းကမ်းများ၊ ရည်ရွယ်ချက်တွေကနေ နှစ်ဦးစလုံးရလာမဲ့ အကျိုးအမြတ်များ အဲဒါမျိုးတွေ ထည့်မတွေးမိပါနဲ့။ အဲဒါမျိုးနဲ့ခြားနားစွာ ဘုရားသခင်ရဲ့ ပဋိညာဉ်ကို ပျော်ရွှင်စရာကောင်းလှတဲ့ လက်ထပ်ထိမ်းမြားခြင်းနဲ့ ခိုင်းနှိုင်းပြီးတွေးသင့်ပါတယ်။ ဒါမှမဟုတ် နွေးထွေးလှတဲ့ သူငယ်ချင်းမိတ်ဆွေစစ်တို့နဲ့ ခိုင်းနှိုင်းလေ့လာရပါမယ်။ အဲဒီလိုတွေးခြင်းက ပဋိညာဉ်စောင့်လျှောက်ခြင်းမှာ အရမ်းကိုစကားပြောပါတယ်။ ဘုရားသခင်နဲ့ကျွန်တော်တို့ကြားမှာ ရှိနေတဲ့ ပဋိညာဉ်ကို အေးစက်စက် စီးပွားရေးသမားတွေရဲ့ သဘောတူညီမှုလုပ်ကြပုံမျိုးနဲ့ တွေးမလား၊ လိုက်နာရမဲ့စည်းကမ်းကလနားများနဲ့လို့ ခိုင်းနှိုင်းမှာလား၊ ဒါမှမဟုတ် လက်ထပ်ခြင်း၊ သူငယ်ချင်းဖြစ်ခြင်းတို့နဲ့ နှိုင်းယှဉ်မလား။ ဇနီးမယားနဲ့ သူငယ်ချင်းတို့ဟာ စီပွားရေးသမားတွေလို မပြုမူတတ်ကြပါဘူး။ အထူးသဖြင့် နှလုံးသားထဲက စိတ်နေသဘောထားမှာ ကွာလှပါတယ်။

**ပဋိညာဉ်နှင့်ပတ်သက်၍ကျမ်းစာ၏ပြောပြချက်**(Scripture on the Covenant)

ပဋိညာဉ်ရဲ့သဘောသဘာဝကို ကျမ်းစာကနေ လေ့လာရပါမယ်။ ပဋိညာဉ်ဆိုတာဘယ်လိုလဲ ဆိုတဲ့မေးခွန်းကို၊ ကျမ်းစာပြင်ပကအကြောင်းအရာတွေကနေ ကျွန်တော်တို့ လေ့လာတာမဟုတ်ဘူး။ အထူးသဖြင့်၊ မယုံကြည်သူနိုင်ငံတွေကြားမှာ ဘယ်လိုပုံမျိုး ကတိကဝတ်တွေ အတိတ်သမိုင်းတုန်းက လုပ်ခဲ့ကြတယ်ဆိုတာမျိုးကနေ မလေ့လာကြပါဘူး။ ကျမ်းစာက ပဋိညာဉ်အကြောင်းသင်ပေးပါတယ်။ ပဋိညာဉ်ဆိုတာဘာလဲ၊ ကျမ်းစာကဖွင့်ပြနေပါတယ်။ ဒီနေရာမှာ ကျမ်းစာက ကျမ်းစာကို အနက်ဖွင့်နေပါတယ်ဆိုတဲ့အမှန်တရားဟာ အရေးကြီးလှပါတယ်။ ကျမ်းစာဟာ ပြည့်စုံလုံလောက်ပါတယ်။ ကျမ်းစာကို ယုံကြည်သူတိုင်းက နားလည်နိုင်တယ်ဆိုတဲ့အမှန်တရားဟာ အရမ်းကို အခြေခံကျပါတယ်။

ကျမ်းစာက ပဋိညာဉ်ဆိုတာကို ဘုရားသခင်နဲ့ကျွန်တော်တို့ကြားမှာရှိတဲ့ ချစ်စရာကောင်းသောရင်းနှီးစွာမိတ်ဆွေဖွဲ့မှုအနေနဲ့ ပြောပြနေပါတယ်။ အဲဒါကို ကျမ်းစာက အရမ်းကိုရှင်းနေအောင်ပြောထားလို့၊ အသင်းတော်နဲ့ခရစ်ယာန်တွေ အတော်များများကြားမှာ ရှုတ်ထွေးနေတာ၊ အမှားတွေကိုသင်တာ၊ မသိတာတွေကို ဆင်ခြေတက်ခွင့်မရှိပါဘူး။ ပထမအနေနဲ့ ပဋိညာဉ်အကြောင်းကို အထူးပြုဖေါ်ပြတဲ့ကျမ်းပိုဒ်တွေမှာ၊ ပဋိညာဉ်အတွက် တိုးတက်မှုအသစ်ဖြစ်လာတယ်ဆိုတာနဲ့၊ အမြဲတမ်း တူညီတဲ့စကားလုံးတွေကိုသုံးပြီး ပြောလေ့ရှိပါတယ်။ အဲဒီစကားလုံးတွေကတော့ "ငါသည် သင်တို့၏ဘုရားဖြစ်မည်။ သင်တို့သည် ငါ၏လူများဖြစ်ကြမည်" ဆိုတာဖြစ်တယ်။ အဲဒီစကားလုံးတွေနဲ့ ဘုရားသခင်ဟာ ကျွန်တော်တို့စီမှာ ပဋိညာဉ်ဆိုတာဘာလဲ၊ ပဋိညာဉ်ရဲ့သဘောသဘာဝ စတာတွေကို ဖွင့်ပြတော်မူပါတယ်။ ကမ္ဘာ ၁၇း၇ မှာတွေ့ရပါမယ်။ အဲဒီမှာ ဘုရားသခင်ဟာ အာဗြဟံနဲ့ပဋိညာဉ်ဖွဲ့တယ်။ ပညတ်တော်ဆယ်ပါးရဲ့ နိဒါန်းအနေနဲ့ပြောတဲ့စကားတွေ၊ အဲဒါနဲ့ ဘုရားသခင်ဟာ အစ္စရေးနိုင်ငံနဲ့ ပဋိညာဉ်ဖွဲ့ခဲ့တယ်၊ ထွက် ၂၀း၂။ ယေရမိ ၃၁း၃၃ မှာ ဘုရားသခင်ဟာ အစ္စရေးနဲ့၊ ယုဒထံမှာ ပဋိညာဉ်အသစ်ကိုပေးမယ်လို့ ကတိပေးတယ် အဲဒီမှာလဲ ဒီစကားလုံးတွေဘဲ။ နောက် ဗျာ ၂၁း၃ မှာ ယောဟန်က ဖန်ဆင်းခြင်းအသစ်နဲ့ ခရစ်တော်ပြန်လာချိန်မှာ ဘုန်းတော်ကိုဝင်စားပြီးအသင်းတော်အကြောင်းပြောရာမှာလဲ ဒီစကားလုံးတွေဘဲ သုံးပြန်ပါတယ်။

ဒီစကားလုံးတွေကို "ပဋိညာဉ်ပုံသေနည်း"လို့ခေါ်ရပါမယ်။ ပဋိညာဉ်ဆိုတာ "ချစ်ခြင်းနဲ့တုတ်နှောင်ခြင်း"(a bond of love) လို့ဖေါ်ပြပါတယ်။ အဲဒီစကားလုံးတွေဟာ ယောကျ်ားတယောက်က အမျိုးသမီးတယောက်ကို "ငါဟာ မင်းရဲ့ခင်ပွန်းဘဲ၊ မင်းဟာ ငါ့ရဲ့ဇနီးဘဲ"လို့ ပြောနေတာနဲ့ တူပါတယ်။ အဲဒီစကားလုံးတွေဟာ ကလေးငယ်တယောက်ကို လူကြီးတယောက်က "မင်းဟာ ငါ့ရဲ့သားဖြစ်တယ်၊ ငါဟာ မင်းရဲ့ဖခင်ဖြစ်တယ်"လို့ ပြောနေတာနဲ့ အတူတူပါဘဲ။ ကျမ်းစာ အစကနေအဆုံးထိ ဒီစကားလုံးတွေဘဲ သုံးပါတယ်။ ဒါကြောင့် ပဋိညာဉ်ရဲ့ညီညွတ်ခြင်းကို ဒီစကားလုံးတွေက ပြောနေပါတယ်။

ပဋိညာဉ်ဆိုတာ မိတ်ဆွေသူငယ်ချင်းတွေကြား မိတ်သဟာယလို့ သက်သေပြပြီးသွားပါပြီ။ ဒုတိယအနေနဲ့ ပဋိညာသ်အကြောင်းကိုပြောပြဖို့ ကျမ်းစာက ကမ္ဘာပေါ်မှာရှိတဲ့ ချစ်ခြင်းကြောင့် အနီးကပ်ဆုံးရင်းနှီးမှုနှစ်ခုကို နှိုင်းယှဉ်မှုအတွက်သုံးတာတွေ့ရပါတယ်။ အဲဒါတွေကတော့ ဖခင်နှင့်သား ဆက်ဆံမှု၊ လက်ထပ်ခြင်းဆက်ဆံမှု တို့ဖြစ်ပါတယ်။ ထွက် ၄း၂၃၊ ယေဇ ၁၆း၈။

တတိယအနေနဲ့ ကျမ်းစာက ပဋိညာဉ်ရဲ့အနှစ်သာရ၊ ပဋိညာဉ်အသက်ရှင်မှုကိုဝမ်းမြောက်စွာခံစားမှု စတာတွေကို တဲတော်နဲ့ဗိမ္ဗာန်တော်ထဲမှာ ရှာတွေ့ဒါဘဲဖြစ်တယ်။ တဲတော်ဆိုတာ ဘုရားသခင်ဟာ သူ့လူတွေနဲ့အတူနေတယ်ဆိုတာကိုပြနေတာဖြစ်တယ်။ အဲဒါကြောင့် သူတို့တွေဟာ သူတို့ဘုရားနဲ့နီးနီးကလေးကပ်ပြီး တိုးနေနိုင်တာပေ့ါ။ သူရှေ့တော်မှာနေပြီး၊ သူ့ဘုန်းတော်ကို ထင်ရှားစေကြတာပေ့ါ၊ သူထံမှာပျော်ရွှင်စွာ နေနိုင်ကြတာပေ့ါ။ စကားတခွန်းထဲနဲ့ပြောရရင် အစ္စရေးတို့ရဲ့ဗဟိုနေရာ တဲတော် (သို့) ဗိမ္မာန်တော်ဆိုတာ မိတ်သဟာယဖွဲ့တာဘဲ ဖြစ်ပါတယ်။ ငွေကြေးလဲလှည်တဲ့နေရာမဟုတ်ပါဘူး၊ ဝိညာဉ်ရေးရာအကြောင်းတွေကို ဆွေးနွေးတင်ပြတဲ့ ရှေ့နေတွေနဲ့ တိုင်ပင်တဲ့နေရာမျိုး မဟုတ်ပါဘူး။ အဲဒီနေရာဟာ အိမ် ဖြစ်တယ်။

အဲဒါနဲ့ဆက်စပ်ပြီးတော့၊ သခင်ယေရှု လူ့ဇာတိခံတော်မူတာကို ဂရိစကားအရ၊ နုတ်ကပတ်တော်ဟာ ကျွန်တော်တို့ထဲမှာ တဲထိုးပြီးလာနေတယ်လို့ အဓိပ္ပါယ်ရပါတယ် (ကျွန်တော်တို့နဲ့ အတူနေတယ်ပေ့ါဗျာ) ယော ၁း၁၄။ ဓမ္မသစ်ကျမ်းက အသင်းတော်ဟာ ဘုရားသခင်ရဲ့ဗိမ္မာန်တော်ဖြစ်တယ်လို့ ပြောပါတယ် ဂ၁ပေ ၂း၅)၊ ပြီးတော့ အသင်းတော်ဟာ ဘုရားရဲ့အိမ်လို့လဲ ပြောပါတယ် (၁တိ ၃း၁၅)။ အသင်းတော်ဟာ ဘုရားသခင်ရဲ့သားသမီးတွေ (၂ဆကာ ၆း၁၈)၊ ခရစ်တော်ရဲ့သတို့သမီး (ဧဖက် ၅း၂၂-၃၃)လို့ ပြောပါတယ်။ ဒီစကားလုံးတွေအားလုံးက ဘာကိုပြောနေသလဲဆိုရင် ဘုရားသခင်နဲ့သူ့လူတွေကြားကရင်းနှီးနီးကပ်လှတဲ့ ဆက်ဆံရေးကိုဖြစ်တယ်။ ဗျာဒိတ်ကျမ်း ၂၁ အရ ကောင်းကင်ဆိုတာဟာ၊ လူတွေကြားထဲမှာ ဘုရားသခင်ဟာ တဲထိုးပြီး အတူနေတာ ဖြစ်တယ်၊ ဆိုလိုတာကတော့ ပဋိညာဉ်တရားကို အပြည့်ဝဆုံး ခံစားတာကိုဖြစ်တယ်။

စတုတ္ထအနေနဲ့ ကျမ်းစာကသင်ပေးသလိုပြောရရင် ပဋိညာဉ်ဆိုတာ ဘုရားသခင်က ကျွန်တော်တို့ကို မိတ်သဟာယဖွဲ့တာ၊ ကျွန်တော်တို့က ဘုရားသခင်နဲ့ဆက်ဆံတာဖြစ်ပါတယ်။ အဲဒီပဋိညာဉ် ကြေညာချက်ကို ကမ္ဘာ ၃း၁၅မှာ တွေ့ရပါတယ်။ ဘုရားသခင်ဟာ သူရွေးကောက်ထားတဲ့သူတွေနဲ့ နတ်ဆိုးကြားမှာ ရန်ငြိုး - မုန်းတီးခြင်း၊ ရန်လိုခြင်း - ထားလိုက်ပါတယ်။ ဆိုလိုနေတာက အပြစ်ထဲ ကျဆုံးသွားတဲ့ လူမျိုးနွယ်ထဲကနေ တချို့သောသူတွေနဲ့ သူ ပြန်ပြီးသူငယ်ချင်းဖွဲ့မယ် ဆိုတဲ့သဘောဘဲဖြစ်ပါတယ်။ အပြစ်ထဲကျဆုံးခြင်းကြောင့် လူသားမျိုးနွယ်တရပ်လုံးဟာ ဘုရားသခင်နဲ့ရန်သူဖြစ်သွားပြီး၊ နတ်ဆိုးနဲ့ သူငယ်ချင်း ဖြစ်သွားကြပါတယ်။ ကမ္ဘာ ၃း၁၅မှာပါတဲ့ ဧဝံဂေလိတရားအားဖြင့် ဘုရားသခင်ဟာ လူတချို့ကို နတ်ဆိုးနဲ့သူငယ်ချင်းဖြစ်ရာကနေ ပြန်ကယ်တင်ပြီး၊ သူနဲ့အတူ သူငယ်ချင်းပြန်ဖြစ်အောင် မိတ်ဆွေဖြစ်မှုကို သူတို့ထံမှာ ပြန်ပြီးဖန်ဆင်းတော်မူပါတယ်။ မိန်းမအမျိုးအနွယ်နဲ့ စာတန်ကြားမှာ ရန်ငြိုးဖြစ်စေတယ်ဆိုတာဟာ၊ မိန်းမအမျိုးအနွယ်နဲ့ဘုရားသခင် သူငယ်ချင်းမိတ်ဆွေဖြစ်တယ်လို့ ပြောနေတာဖြစ်တယ်။

ပဥ္စမအနေနဲ့ အာဗြဟံရဲ့ ပုဂ္ဂလိကအသက်တာကိုကြည့်ရင်၊ ဘုရားသခင် သူနဲ့ပဋိညာဉ်ဖွဲ့လို့၊ သူဟာ ဘုရားသခင်ရဲ့သူငယ်ချင်း ဖြစ်လာပါတယ်(ယာကုပ် ၂း၂၃)။ ဘုရားသခင်နဲ့အာဗြဟံတို့ဟာ သူတို့ရဲ့သူငယ်ချင်းဖြစ်မှုကို အတူတကွ ဖေါ်ထုတ်ပြီး၊ ပျော်ရွှင်စွာခံစားကြပါတယ်။ တကြိမ်မှာတော့ ဘုရားသခင်ဟာ ကောင်းကင်ဘုံကနေဆင်းလာပြီး၊ အာဗြဟံနဲ့အတူ ထမင်းအတူစားပါတယ်။ ဘုရားသခင်က သောဒုံနဲ့ပတ်သက်တဲ့ သူ့ရဲ့လျှို့ဝှက်အကြံကို အာဗြဟံစီမှာ ပြောပြပါတယ်။ အာဗြဟံဟာ သူ့မျှော်လင့်ချက်နဲ့ ကြောက်လန့်ခြင်းတွေကို ဘုရားသခင်ထံမှာ လွတ်လပ်စွာပြောပြပါတယ်။ အာဗြဟံနဲ့ဘုရားသခင်ဟာ အတူတူလမ်းလျှောက်ကြပါတယ် “သူငယ်ချင်းကောင်းတွေ၊ တဦးပေါ်တဦး ကောင်းမွန်စွာ မှန်ကန်စွာပြုမူကြသလိုပေ့ါ” (ကမ္ဘာ ၁၈)။

အဲဒီလိုဘဲ၊ ဘုရားသခင်ဟာ ညစာပွဲတော်မင်္ဂလာအားဖြင့် ကျွန်တော်တို့နဲ့အတူ ထမင်းစားနေပါတယ်။ သူ့ရဲ့နှလုံးသားထဲမှာရှိသမျှကိုလည်း ဧဝံဂေလိတရားဟောခြင်း(တနင်္ဂနွေတရားဟောခြင်း)ဖြင့် ကျွန်တော်တို့ထံမှာ ပြောနေပါတယ်။ ကျွန်တော်တို့ထမ်းနေရတဲ့ ဝန်ထုတ်ဝန်ပိုးတွေကိုလည်း သူ့ထံတော်

မှာ ကျွန်တော်တို့ဟာ ဆုတောင်းခြင်း၊ ဆာလံသီချင်းဆိုခြင်းနဲ့ ပေါ့သွားအောင် ပစ်ချကြပါတယ်။ ကျွန်တော်တို့ သူနဲ့အတူ သူဟာကျွန်တော်တို့ထဲမှာ ရှိနေတော်မူကြောင်း သိမှတ်လျှက် လမ်းလျှောက်နေကြပါတယ်။ သူဟာ ကျွန်တော်တို့နှလုံးသားတွေထဲမှာ ခရစ်တော်ရဲ့ဝိညာဉ်တော်အားဖြင့် အမြဲတမ်း ရှိနေပါတယ်။

**အမြင့်ဆုံးသောကောင်းမြတ်ခြင်း**(The Highest Good)

ဘုရားသခင်နဲ့အတူမိတ်သဟာယဖွဲ့ရတာ၊ အဲဒါကို ပဋိညာဉ်လို့ခေါ်တာပေါ့၊ အကြီးမြတ်ဆုံးသော ကောင်းမြတ်မှုဖြစ်တယ်။ အမြင့်ဆုံးသော အခွင့်ထူးလည်းဖြစ်တယ်။ လူသားတွေအတွက်အကောင်းနိုင် ဆုံးကောင်းခြင်းဘဲဖြစ်တယ်။ သူငယ်ချင်းဖွဲ့မှုဆိုတာ မြေကြီးပေါ်အသက်ရှင်နေသေးသမျှနေ့တိုင်းအတွက် အကောင်းဆုံးသောအရာဖြစ်ပါတယ်။ သူငယ်ချင်းနဲ့သူငယ်ချင်း၊ မိသားစုဘဝ၊ အထူးသဖြင့် အိမ်ထောင်ကျသူများအချင်းချင်း ရင်းနှီးစွာပြောဆိုဆက်ဆံကြခြင်းဆိုတာ အရမ်းကို ကောင်းတဲ့အရာဖြစ်တယ်။ (မိသားစုတွေထဲမှာ၊ အမြဲတမ်း ရန်ဖြစ်နေကြတာ၊ သူငယ်ချင်းမရှိတာ အဲဒါတွေနဲ့ပြောင်းပြန်ပေါ့)။ အသင်းတော် စစခြင်းတုန်းက ပဋိညာဉ်ဆိုတဲ့စကားလုံးကို မသိခဲ့ကြပေမဲ့၊ အဲဒါနဲ့သဘောတရားတူတဲ့ "ဘုရားမျက်မှောက်တော်ရှေ့"ဆိုတဲ့စကားလုံးကိုတော့ ကယ်တင်ခြင်းရဲ့အမြင့်ဆုံးအချက်အနေနဲ့၊ ကောင်းကင်ဘုံရဲ့ပျော်စရာအကောင်းဆုံးအခြေအနေအဖြစ်၊ သုံးခဲ့ကြပါတယ်။ ကောင်းကင်ဘုံဆိုတာ အိမ်လိုဖြစ်မယ်၊ ဘာလို့လဲဆိုတော့ ခမည်းတော်ဘုရားအဲဒီမှာနေလို့ဘဲ၊ ကျွန်တော်တို့လဲ အဲဒီမှာ သူနဲ့အတူနေကြမယ်၊ ဒါတွေကို အစကထဲက သိနေခဲ့ကြတာဖြစ်တယ်။

ဘုရားသခင်နဲ့မိတ်သဟာယဖွဲ့ရတာ၊ ပဋိညာဉ်ဆိုတာ ပိုမြင့်မားတဲ့၊ ပိုကောင်းတဲ့ ထာဝရရည်ရွယ်ချက်၊ ရည်မှန်းချက်ကိုရောက်ဖို့ အသုံးပြုရတဲ့ ခဏတဖြုတ်နည်းလမ်းမဟုတ်ပါဘူး။ (ဘုရားဆောက်ဖို့ ခဏထိုးထားတဲ့ ငြမ်းအဟုတ်ဘူး)။ ပဋိညာဉ်ကိုဌ်က အဆုံးသတ်ရည်မှန်းချက်ဖြစ်ပါတယ်။ ကျမ်းစာကပြောတယ် ပဋိညာဉ်ဆိုတာထာဝရဖြစ်တယ်။ အာဗြဟံစီမှာ ဘုရားသခင်ကတိပေးတာက "ငါမင်းဆီမှာငါ့ပဋိညာဉ်ကို၊ ထာဝရပဋိညာဉ်အဖြစ်တင်ဆောက်မယ်"လို့ပြောပါတယ် (ကမ္ဘာ ၁၇း၇)။ ဟေဗြဲ ၁၃း၂၀က ကျွန်တော်တို့သခင်ယေရှုခရစ်တော်ရဲ့အသွေးတော်ဟာ "ထာဝရပဋိညာဉ်ရဲ့အသွေးတော်"လို့ပြောပါတယ်။

ဘုရားသခင်နဲ့ ရင်းနှီးစွာဆက်ဆံခြင်းနဲ့ပတ်သက်လို့ ဘုရားသခင်ရဲ့သားသမီးတွေဟာ သူတို့ရဲ့ကောင်းကင်ဘုံနဲ့ဆိုင်သောဖခင်နဲ့ ရင်းနှီးစွာဆက်ဆံရေးရှိတာကို ပြောတာဖြစ်တယ်၊ အဲဒီမှာ ပဋိညာဉ်ဟာ ဘုရားသခင်ရဲ့ကိုယ်ပိုင် ကောင်းချီးနဲ့ပြည့်စုံသောအသက်တာကို ထင်ဟပ်ဖော်ပြနေတာဖြစ်တယ်။ ဘုရားသခင်ဟာ ရှိနေယုံသက်သက်နဲ့ ရှိနေတာမဟုတ်ပါဘူး။ တဦးထဲ ဧကစာရီကျင့်နေတဲ့ ရသေ့ရဟန်းလို မဟုတ်ပါဘူး။ သူဟာ ပုဂ္ဂိုလ်များအချင်းချင်း မိတ်သဟာယဆက်ဆံမှုထဲမှာ နေတော်မူသူ ဖြစ်ပါတယ်။ သူ့ရဲ့ကြွယ်ဝလှတဲ့အသက်တာဟာ သုံးပါးတဆူဖြစ်ခြင်းဘဲဖြစ်တယ်။ ခမည်းတော်နဲ့သားတော်ဟာ သန့်ရှင်းသောဝိညာဉ်တော်ထဲမှာ ချစ်ခြင်းမိတ်သဟာယဖွဲ့လျှက် နေထိုင်တော်မူခြင်းဖြစ်တယ်။ ယော ၁း၁၈က သားတော်ဟာ ထာဝရဘဲ ခမည်းတော်ရဲ့ ရင်ခွင်မှာ လဲလျောင်းတော်မူတယ်လို့ ပြောပါတယ်။ ဘုရားသခင်ရဲ့အသက်ရှင်ပုံဟာ မိသားစုအသက်ရှင်ပုံရဲ့ မူရင်းပုံစံဖြစ်တယ်။ အဲဒါကြောင့် ဖန်ဆင်းခြင်းမှာ၊ အသင်းတော်မှာ မိသားစုဟာ အခြေခံအကျဆုံးဖြစ်ရတာပေါ့။ ကျေးဇူးတော်ကြောင့် ဘုရားသခင်ဟာ မိတ်သဟာယဖွဲ့ခြင်းဆိုတဲ့ သူ့ရဲ့ကိုယ်ပိုင်ဘဝကို ကျွန်တော်တို့ထဲမှာ ပဋိညာဉ်အားဖြင့် ဖွင့်ပြတော်မူပါတယ်။ အမှန်ပါဘဲ၊ ဘုရားသခင်ဟာ သူ့ရဲ့ဘဝကို ကျွန်တော်တို့ထဲမှာ ဖန်ဆင်းခံတွေအနေနဲ့ ခံစားနိုင်ဖို့ ဝေငှပေးတော်မူပါတယ်။ (နောက်တပတ်ဆက်မည်)